## Behaviour code for students

Information for students and parents or carers

# ကျောင်းသားများ လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများ

ကျောင်းသားများ၊ မိဘများ သို့မဟုတ် အုပ်ထိန်းသူများအတွက် သတင်းအချက်အလက်များ

NSW အစိုးရကျောင်းများအနေဖြင့် မတူညီသော အခြေအနေအမျိုးမျိုးတွင် လူတိုင်းအတွက် ဘေးကင်းလုံခြုံ၍ အပြုသဘောဆောင်ပြီး စိတ်ပါဝင်စားမှုရှိသည့် ပညာသင်ယူမှု ပတ်ဝန်းကျင်ကို ဖော်ဆောင်ရန် သန္နိဋ္ဌာန် ချထားပါသည်။ ကျွန်ုပ်တို့သည် ကျောင်းသားများအား ကျွန်ုပ်တို့ တန်ဖိုးထားသည့် ကျယ်ပြန့်ပြီး ဘေးကင်းသော အမူအကျင့်များကို သင်ကြားပြသပေးကာ စံနမူနာပြ ပြုမူနေထိုင်လျက်ရှိသည်။

### NSW ကျောင်းများတွင် ကျောင်းသားများသည် အောက်ပါတို့ကို အတတ်နိုင်ဆုံး လိုက်နာဆောင်ရွက်ရန် မျှော်မှန်းထားသည် -

- အခြားကျောင်းသားများ၊ မိမိတို့၏ ဆရာ/ဆရာမများ၊ ကျောင်းဝန်ထမ်းများနှင့် ရပ်ရွာလူထုကို လေးစားမှု ပြသခြင်း၊
- ကျောင်းနှင့် စာသင်ခန်း စည်းကမ်းများကို လိုက်နာခြင်းနှင့် ဆရာ/ဆရာများ၏ သွန်သင်ဆုံးမမှုများကို နာခံခြင်း၊
- ပညာသင်ယူရာတွင် အမြင့်ဆုံးစံနှုန်းများ ရရှိရန် ကြိုးစားအားထုတ်ခြင်း၊
- ကျောင်းအသိုင်းအဝိုင်းရှိ လူအားလုံးအနေဖြင့် တန်ဖိုးထားခံရကာ ပူးပေါင်းပါဝင်ခွင့်ရှိပြီး အားပေးကူညီမှုရှိသည်ဟု ခံစားရစေရန် ယဉ်ကျေးပျူငှာစွာ ပြုမူခြင်း၊
- ပြဿနာကို လေးလေးစားစား၊ တည်တည်ငြိမ်ငြိမ်နှင့် မျှမျှတတ ဖြေရှင်းခြင်း
- သတ်မှတ်ထားသည့် ကျောင်းတူညီဝတ်စုံ မူဝါဒ သို့မဟုတ် ဝတ်စားဆင်ယင်မှုစံနှုန်းများကို လိုက်နာခြင်း၊
- နေ့စဉ် ကျောင်းမှန်မှန်တက်ခြင်း (တရားဝင် ခွင့်တိုင်ကြားထားခြင်း မရှိလျှင်)
- အသုံးအဆောင် ပစ္စည်းအားလုံးကို အလေးထားခြင်း
- ဘေးကင်းလုံခြုံအောင် နေထိုင်ခြင်း၊ အကြမ်းမဖက်ခြင်း သို့မဟုတ် လက်နက်များ၊ တရားမဝင် မူးယစ်ဆေးဝါးများ၊ အရက်၊ ဗိတ်ပ်(vape)များ၊ အီးစီးကရက်(e-cigarettes)များ သို့မဟုတ် ဆေးလိပ်များကို ကျောင်းသို့ ယူဆောင်လာမှု မပြုခြင်း
- ကျောင်းရှိ မည်သူတစ်ဦးတစ်ယောက်ကိုမျှ အနိုင်ကျင့်မှု၊ ထိပါးနှောင့်ယှက်မှု၊ ထိခိုက်နာကျင်စေမှု သို့မဟုတ် ခွဲခြားဆက်ဆံမှု မပြုခြင်း

ကျောင်းအနေဖြင့် မိမိကိုယ်ကိုယ်ဖြစ်စေ၊ အခြားသူများကိုဖြစ်စေ ထိခိုက်စေသည့် လုပ်ဆောင်ချက်များ သို့မဟုတ် အရည်အသွေးမြင့် ပညာသင်ကြား၊ သင်ယူမှု ရရှိရေးကို ထိခိုက်စေသည့် လုပ်ဆောင်ချက်များကို အရေးယူဆောင်ရွက်လျက်ရှိသည်။

### ကျောင်းသားအားလုံးသည် အောက်ပါတို့ကို ရရှိခံစားပိုင်ခွင့်ရှိသည် -

- ကျောင်းတွင် ဘေးကင်းလုံခြုံစွာ တက်ရောက်ပိုင်ခွင့်၊
- ပညာသင်ယူရာတွင် အပြည့်အဝ လက်လှမ်းမီ ပါဝင်နိုင်ခွင့်၊
- အခြားကျောင်းသားများ၊ ဆရာ/ဆရာမများနှင့် ကျောင်းဝန်ထမ်းများ၏ လေးလေးစားစား ဆက်ဆံမှုကို ရရှိပိုင်ခွင့်၊
- မိမိတို့၏ အမြင်သဘောထားများကို ထုတ်ဖော်ပြောဆိုခြင်း၊ ရည်မှန်းချက်များ ချမှတ်ခြင်းနှင့် မိမိ၏ လိုအပ်ချက်အရ အခြားသူများနှင့် ပေါင်းသင်းဆက်ဆံခြင်းတို့ ပြုလုပ်ပိုင်ခွင့်

ကျောင်းအုပ်ကြီးနှင့် ကျောင်းဝန်ထမ်းများသည် မိမိတို့၏ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ ဆင်ခြင်ဆုံးဖြတ်နိုင်စွမ်းကို အသုံးပြု၍ စည်းကမ်းထိန်းသိမ်းရေး၊ ဘေးကင်းလုံခြုံ၍ အပြုသဘောဆောင်ပြီး စိတ်ပါဝင်စားမှုရှိသည့် ပညာသင်ယူမှု ပတ်ဝန်းကျင်ကို ဖော်ဆောင်ရေးနှင့် ကျောင်းသားများက ယင်းမျှော်မှန်းချက်များကို ပြည့်မီအောင် ဆောင်ရွက်နိုင်ခြင်းမရှိသည့်အခါ သင့်တော်သလို အရေးယူဆောင်ရွက်ရေးတို့အတွက် အဓိက တာဝန်ရှိသည်။

ဌာနသည် မူဝါဒမူဘောင် ချမှတ်ရန်နှင့် တရားဥပဒေရေးရာ ထုတ်ပြန်ကြေညာချက်များကဲ့သို့ အရင်းအမြစ်များကို ပံ့ပိုးပေးရန်၊ ကျွမ်းကျင်သူများ၏ အကြံပြုချက်များကို လက်လှမ်းမီရရှိရန်နှင့် ကျောင်းအုပ်ကြီးများနှင့် ၎င်းတို့၏ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်ရာတွင် လမ်းညွှန်မှုပေးရေးအတွက် လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ အသိပညာပေးရန် တာဝန်ရှိသည်။

ဤအခြေအနေတွင် NSW အစိုးရနှင့် ပညာရေးဌာနတို့သည် ဒေသအဆင့်တွင် ကျောင်းအုပ်ကြီးများနှင့် ကျောင်းဝန်ထမ်းများ၏ လုပ်ပိုင်ခွင့်နှင့် ဆုံးဖြတ်ချက်တို့ကို အားပေးထောက်ခံသွားမည် ဖြစ်သည်။

## ကျောင်းသားများလိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများ- ကျောင်းသားများ၏ လုပ်ဆောင်ချက်များ

NSW အစိုးရကျောင်းများရှိ ကျောင်းသားအားလုံး၏ ပူးပေါင်းပါဝင်နိုင်မှု၊ ပညာသင်ယူမှု၊ ကောင်းကျိုးချမ်းသာနှင့် ဘေးကင်းလုံခြုံမှု မြှင့်တင်ရေးသည် ပညာရေးဌာန၏ အဓိက ဦးစားပေးအချက်ဖြစ်သည်။

လေးစားဖွယ်ကောင်း၍ ဘေးကင်းပြီး စိတ်ပါဝင်စားမှုရှိသော အမူအကျင့်ဆိုင်ရာ အမြင့်ဆုံးစံနှုန်းများနှင့် ကိုက်ညီစေရန် ကျောင်းသားများ သိရှိရန်လိုအပ်သည့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးကို ပံ့ပိုးရန် မတူညီသည့် အခြေအနေအမျိုးမျိုးတွင် သင်ကြား၊ သင်ယူနိုင်မည့် နည်းလမ်းများကို အကောင်အထည်ဖော်လျက်ရှိသည်။

**အထက်တွင် ဖော်ပြထားသည့် မျှော်မှန်းချက်များ ပြည့်မီစေရန် NSW အစိုးရကျောင်းများရှိ ကျောင်းသားများသည် အောက်ပါ ကျင့်ဝတ်စည်းကမ်းများကို အတတ်နိုင်ဆုံး လိုက်နာရမည် ဖြစ်သည်။**

### လေးစားမှု

- တစ်ဦးနှင့်တစ်ဦး ဂုဏ်သိက္ခာရှိရှိ ဆက်ဆံခြင်း၊
- ယဉ်ကျေးပျူငှာစွာ ပေါင်းသင်းဆက်ဆံ ပြုမူနေထိုင်ခြင်း၊
- အခြားကျောင်းသားများ၊ ဆရာ/ဆရာမများ၊ ကျောင်းဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊
- အပြုသဘောဆောင်ပြီး လေးစားဖွယ်ကောင်းသည့် ပေါင်းသင်းဆက်ဆံရေးကို တည်ဆောက်ခြင်း၊
- အခြားသူများ၏ အကျိုးစီးပွား၊ စွမ်းဆောင်ရည်နှင့် ယဉ်ကျေးမှုကို လေးစားတန်ဖိုးထားခြင်း၊
- အခြားကျောင်းသားများ၏ ပညာသင်ယူမှုဆိုင်ရာ လိုအပ်ချက်များကို လေးစားခြင်း၊
- သတ်မှတ်ထားသည့် ကျောင်းတူညီဝတ်စုံ သို့မဟုတ် ဝတ်စားဆင်ယင်မှုစံနှုန်းများနှင့်အညီ လျော်ကန်သင့်မြတ်စွာ ဝတ်စားဆင်ယင်ခြင်း၊
- ကျောင်းပိုင် ပစ္စည်းများနှင့် ဝန်ထမ်းများနှင့်အခြားကျောင်းသားများ၏ ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

### ဘေးကင်းလုံခြုံမှု

- အမူအကျင့်ပိုင်းတွင် ကျောင်းနှင့် စာသင်ခန်း စည်းကမ်းများကို လိုက်နာ၍ စံပြ ပြုမူကျင့်ကြံခြင်း၊
- ပြဿနာများကို ဆွေးနွေးညှိနှိုင်း ဖြေရှင်းခြင်း၊
- မိမိတို့၏ ပြုမူဆောင်ရွက်မှုများသည် အခြားသူများအား ထိခိုက်စေနိုင်ကြောင်း သတိထားခြင်းနှင့် တာဝန်ယူမှုရှိခြင်း၊
- မိမိကိုယ်ကိုယ်နှင့် အခြားသူများကို ဂရုစိုက်ခြင်း၊
- ဘေးကင်းအောင် နေထိုင်ခြင်းနှင့် ကိုယ်တိုင်ဖြစ်စေ၊ အခြားသူများကိုဖြစ်စေ မထိခိုက်စေသည့် ဘေးကင်းလုံခြုံသော ရွေးချယ်မှုများ ပြုလုပ်ရာတွင် အခြားသူများကို အကူအညီပေးခြင်း၊

### စိတ်ပါဝင်စားစွာ ပညာသင်ယူခြင်း

- ကျောင်းနှင့် အတန်းသို့ အချိန်မီ လာရောက်ခြင်း၊
- သင်ခန်းစာတိုင်းအတွက် ကြိုတင်ပြင်ဆင်ခြင်း၊
- ပညာသင်ယူရာတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခြင်း၊
- ပညာသင်ယူရာတွင် အမြင့်ဆုံးစံနှုန်းများကို ရရှိစေရန် ဖွဲလုံ့လရှိရှိ ကြိုးပမ်းအားထုတ်ခြင်း၊

### တယ်လီဖုန်း စကားပြန် ဝန်ဆောင်မှု

ထပ်မံ သိရှိလိုပါက သက်ဆိုင်ရာ ကျောင်းအုပ်ကြီးထံ ဆက်သွယ်ပါ။ ဤသို့ ဆက်သွယ်စုံစမ်းရာတွင် စကားပြန် အကူအညီလိုအပ်ပါက 131 450 သို့ ဖုန်းခေါ်ဆိုပြီး သင့်ဘာသာစကားပြောသော စကားပြန်တစ်ယောက် တောင်းခံပါ။

သင်ခေါ်ဆိုလိုသည့် ဖုန်းနံပါတ်ကို အော်ပရေတာအား ပြောပြပါ။ သင်စကားပြောဆိုရာတွင် ကူညီရန် အော်ပရေတာက ဖုန်းလိုင်းပေါ်တွင် စကားပြန်တစ်ဦး ထားပေးမည် ဖြစ်သည်။ ဤဝန်ဆောင်မှုအတွက် အခကြေးငွေ ကောက်ခံမည်မဟုတ်ပါ။